mgyoe.com
SAMPLE BOOK

# လူငယ်တွေ ဘယ်လိုတွေးသလဲ

အောင်လှိုင်
ပြန်ဆိုစုစည်းသည်။



mgyoe.com

design by vecteezy_concept

ဒုတိယအကြိမ်

mgyoe.com

SAMPLE BOOK




design by all free download.com

မိဘတိုင်း အုပ်ထိန်းသူတိုင်း

လူငယ်တွေနဲ့ ပတ်သက်ရမယ့်သူတိုင်း

သိထားရမယ့်

လူငယ်တွေ။ ဆယ်ကျော်သက်တွေ

တွေးတာက ဒီလို

mgyoe.com

AH0008
MMK 4,500.00

mgyoe.com SAMPLE BOOK

ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ(၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ - ဦးသန်းဌေးဇော်၊ သိန်းသန်းဇော်ပုံနှိပ်တိုက်(၀၀၁၀၁)၊
၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၅၊ မတ်လ။

mgyoe.com

m g y o e . c o m





m g y o e . c o m

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | မိတ်ဆက် | ၂ |
| ၂။ | ကလေးကဲ့သို့ ဆက်ဆံမနေပါနှင့် | ၈ |
| ၃။ | ဂျိုကျူတတ်သူများ | ၁၈ |
| ၄။ | ချစ်ခင်လေးစားမှုနှင့် အလိုလိုက်ခြင်း | ၂၆ |
| ၅။ | အခေါ်အဝေါ် (အိမ်နာမည်/ ကျောင်းနာမည်) | ၃၄ |
| ၆။ | ကျောင်းနေခြင်း | ၄၀ |
| ၇။ | ဝါသနာနှင့် စိတ်ဝင်စားမှု | ၅၀ |
| ၈။ | အင်တာနက် | ၅၆ |
| ၉။ | ဂီတ | ၆၄ |
| ၁၀။ | အပြင်ထွက်လည်ပတ်ခြင်း | ၇၂ |
| ၁၁။ | ညီအစ်ကိုမောင်နှမများ | ၈၀ |
| ၁၂။ | ရွယ်တူတို့၏ ဖိအား | ၈၈ |
| ၁၃။ | သူငယ်ချင်းများ | ၉၆ |


mgyoe.com

mgyoe.com SAMPLE BOOK

မိဘများနှင့် ဆယ်ကျော်သက်များအတွက်

# လူငယ်တွေ ဘယ်လိုတွေးသလဲ

အောင်လှိုင်

"ဆယ်ကျော်သက်တွေ ဘယ်လိုစဉ်းစားကြသလဲ
ဘာကိုကြိုက်လို့ ဘာကို မကြိုက်ဘူးလဲ
သူတို့ရဲ့ ခေတ်ပြိုင်ပဋိပက္ခက ဘာတွေလဲ"
ဆိုသည်ကို ဆယ်ကျော်သက်တစ်ဦး၏ အတွေးအမြင်နှင့်
ခံစားတင်ပြထားသည်။

How Teenagers Think
by jellyellie
An Insider's Guide to living with a Teenagers

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း(၁)
## မိတ်ဆက်

ယနေ့ ကျွန်မ၏စိတ်အခြေအနေမှာ ကောင်းလှသည်မဟုတ်။ ကျွန်မသည် အမေ၊ မောင်လေး အဲလက်စ်တို့နှင့်အတူ မြို့ထဲသို့ ရောက်ရှိနေပြီး အဲလက်စ်မေးခွန်းထုတ်သည့် "မမ ဘာဖြစ်လို့ အမေပြောသမျှ အတိုက်ခံလုပ်နေတာလဲ" ဆိုသည့်အတိုင်း အမေပြောသမျှကို မေးခွန်းထုတ်ငြင်းဆန်နေမိသည်။ မိဘများအနေဖြင့် ဤအခြေအနေမျိုးဖြင့် ရင်းနှီးပြီး ဖြစ်ပေလိမ့်မည်။

အဘိုး၏ မွေးနေ့အတွက် မွေးနေ့လက်ဆောင်ပေးရန် ကျွန်မတို့ စာအုပ်ဆိုင်အတွင်း ဝင်ခဲ့ကြသည်။ အဲလက်စ်က ကာတွန်းပုံပြင်စာအုပ်များကို ကြည့်နေပြီး အမေက အဲလက်စ်၏ရွေးချယ်မှုကို သဘောကျနေသည်။ အန်ဒီမက်နက်ဘ်၏ စာအုပ်အသစ်အား ကျွန်မမျက်လုံးရောက်နေသည်ကို အမေမြင်သွားသဖြင့် စာအုပ်ကို ဈေးဝယ်ခြင်းထဲထည့်လိုက်သည်။ ကျွန်မတို့ဝယ်သည့် စာအုပ်အမျိုးအစားများမှာ နှစ်အုပ်ဝယ်လျှင် တစ်အုပ်လက်ဆောင်ရမည်ဖြစ်ရာ အခြားတစ်အုပ်ကို ထပ်မံရွေးချယ်ရမည်ဖြစ်သည်။ လက်ဆောင်ရမည့်စာအုပ်ကို ရွေးချယ်ရသည်မှာ အတော်ခက်ခဲတတ် သည်။

ကျွန်မက အဲလက်စ်စာအုပ်များများဖတ်ရန် လိုအပ်သဖြင့် သူကြိုက်ရာတစ်အုပ် ယူသင့်ကြောင်း အကြံပေးသည်။ သို့ရာတွင် သူကထပ်မလိုချင်တော့ဟု ငြင်းသည်။ စာများများမဖတ်သဖြင့် အဲလက်စ်သည် အချို့နေရာ

mgyoe.com

mgyoe.com SAMPLE BOOK


များတွင် နောက်ကျနေသည်။ စာဖတ်ခြင်းသည် အသိပညာကိုများစွာ တိုးပွားစေပြီး စာအရေးသားကိုလည်း တိုးတက်လာစေသည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ နည်းပညာများက ကျွန်မတို့ဘဝအတွင်း ထိုးဖောက်ဝင်ရောက်လာသည့်အခါ အတိတ်က အကျင့်ကောင်းစာဖတ်သည့်ဓလေ့မှာ ကျွန်မတို့ဆယ်ကျော်သက်များအတွင်း ပျောက်ကွယ်သွားသည်။

အခြားတစ်ဘက်တွင် လိင်မှုရေးရာနှင့် စိတ်ကူးယဉ်အချစ်ရေးကို ဦးစားပေးရေးသားထားသော စာအုပ်များမှာ အမြင်အားဖြင့် မဆိုးလှ။ သို့သော် ယင်းစာအုပ်အမျိုးအစားမှာ စစ်မှန်မှုနည်းပြီး ဇာတ်ရုပ်ပီပြင်မှု မရှိသည့် စာအုပ်များ ဖြစ်သည်။

အဘိုးအတွက်စာအုပ်နှင့် ကျွန်မသဘောကျသည့်စာအုပ် နှစ်အုပ်ရအပြီးတွင် လက်ဆောင်တစ်အုပ်ကို ကျွန်မတို့ ရှာရခက်နေဆဲဖြစ်သည်။ အဲလက်စ်တစ်အုပ်ရွေးရန် ဆွဲဆောင်မရသည့်အဆုံး ကျွန်မအနေဖြင့် နှစ်သက်ရာတစ်ခုခုများ တွေ့နိုင်မလား လိုက်ကြည့်နေမိသည်။ အတန်ကြာလျှောက်ကြည့်နေပြီးနောက် နှစ်အုပ်ဝယ် တစ်အုပ်လက်ဆောင်ပေးမည့် အမျိုးအစားထဲတွင် ပါဝင်သည့် Catch 22 စာအုပ်ကို သွားတွေ့သည့် ဂန္ထဝင်စာအုပ်တစ်အုပ် လက်ဆောင်ရမည်ကို ကျွန်မ သဘောကျသွားသည်။

တစ်ချိန်တည်းမှာပင် အမေက သူမသဘောကျသည့် ပြင်သစ်စာအုပ်တစ်အုပ်ကို ကြည့်နေသည်။ အမေ အသက်နှစ်ဆယ်ကျော်ကာလများက မိုနာကိုတွင် နှစ်အတန်ကြာနေထိုင်ခဲ့ဖူးပြီး ပြင်သစ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်သည်။ အားလပ်ရက်ခရီးအဖြစ် ပြင်သစ်သို့ရောက်သွားသည့်အခါ ဒေသခံများက အမေ့ကို ပြင်သစ်မှာပင် နေထိုင်သူဟု ထင်ကြရသည်။ ထို့ကြောင့် ပြင်သစ်ဘာသာ ပြင်သစ်စကားအား အမေအလွန်သဘောကျစိတ် အားထက်သန်သည်။

သို့ရာတွင် အမေ့စိတ်အားထက်သန်မှုမျိုး ကျွန်မမှာ မရှိချေ။ ပြင်သစ်ဘာသာနှင့်ပတ်သက်၍ ကျွန်မအား စကားမစခြင်းက အကောင်းဆုံးဖြစ်ပေမည်။ ထမင်းစားစားပွဲတွင်ထိုင်ရင်း ပြင်သစ်စာ အိမ်စာစာအုပ်ကို ဆွဲဖြဲပစ်ချင်စိတ်၊ လက်ဆေးကြွေဇလုံထဲ ပစ်ထည့်ချင်စိတ်ကို ကြိုးစားထိန်းချုပ်ဖြတ်သန်းခဲ့ရသည်။ ညနေခင်းများမှာ ကျွန်မအတွက် အဆိုးဆုံးကာလ

mgyoe.com

mgyoe.com
SAMPLE BOOK


များဖြစ်သည်။

တစ်ကြိမ်မှာတော့ ကျွန်မစိတ်ကို ထိန်းချုပ်မနေတော့ဘဲ စာအုပ်ကို လှင့်ပစ်ဖူးသည်။ စာအုပ်သည် အမေကြမ်းပြင်သန့်ရှင်းရာတွင် အသုံးပြုသည့် ရေအပြည့်ထည့်ထားသော ပုံးအတွင်းသို့ ကျသွားသည်မှာ ကျေနပ်စရာဖြစ်သည်။စာအုပ်ကို ခွေးက ကိုက်ဖြတ်ဆုတ်ဖြဲလိုက်သည်ဟု အကြောင်းပြချက်ပေးသည့်အခါ ပြင်သစ်ဘာသာပြဆရာမက ကျွန်မကို စာအုပ်တစ်အုပ်ထပ်ပေးသည်။ စိတ်ပျက်စရာပင် အပြစ်တစ်ခုခုပေးလိုက်သည်ကမှတော်ဦးမည်။

ယခု သုံးအုပ်ရွေးချယ်ရမည့် အချိန်တွင် စာအုပ်မှာ လေးအုပ်ဖြစ်နေပြန်သည်။ ပြဿနာတော့ မရှိလှ ဆုံးဖြတ်ချက်ချရန်လွယ်သည်။

"အမေ Ancly McNab စာအုပ်ကို စင်ပေါ်ပြန်ထားပြီး အမေအဲဒီ ပြင်သစ်စာအုပ်ယူ။ သမီးမှာ McNab စာအုပ်တွေ အများကြီး အသစ်မဖတ်ရသေးလည်း အရေးမကြီးဘူး" ဟု ကျွန်မ အမေ့ကို ကမ်းလှမ်းလိုက်သည်။

"ဒီ Catch 22 ဖတ်မှာမို့လို့လား၊ နောက်ဆုံးဝယ်ထားတဲ့ စာအုပ်လည်း ဖတ်တာမတွေ့သေးဘူး" ဟု စိတ်ရှုပ်ထွေးသွား လျှင်လုပ်လေ့ ရှိသည့်အတိုင်း မျက်ခုံးများကို အစွမ်းကုန်ရှုံ့ထားပြီး အမေက ပြန်ပြောသည်။

ကျွန်မဖတ်ထားသည့် ခန္ဓာကိုယ် သင်္ကေတစာအုပ်အရ အမေသည် ဤအပြုအမူကို ပြုလုပ်၍ သူမမျက်လုံးထဲမှ စိတ်တိုဒေါသထွက်သည့် အရိပ်အယောင်ကို ဖုံးကွယ်ခြင်းဖြစ်သည်။

ကျွန်မသည် လူတို့၏ အပြုအမူကို ခွဲခြမ်းစိတ်ဖြာလေ့လာသော စာအုပ်များကို အလွန်စိတ်ဝင်စားသည်။ ယေဘုယျအားဖြင့် စိတ်ပညာကို စိတ်ဝင်စားသည်ဟု ဆိုရမည်ဖြစ်ပြီး အထူးသဖြင့် လူများအပေါ်တွင် အမိကထား စိတ်ဝင်စားခြင်းဖြစ်ရာ ခန္ဓာကိုယ်သင်္ကေတစာအုပ်က ကျွန်မအတွက် အထောက်အကူ ဖြစ်ခဲ့သည်။

"အမေကတော့ Catch 22 ထက် Macnab ကိုပဲ ယူစေချင် တယ်" ပြင်သစ်စာအုပ်ရနိုင်ရန် MacNab စာအုပ်ကိုပြန်ထားဖို့ အကြံပေးချက်ကို အမေ့တုံ့ပြန်မှုဖြစ်သည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

"အော် အမေ သမီးကို ကလေးလို ဆက်ဆံမနေပါနဲ့ သမီးဘာစာအုပ်ဖတ်ချင်လဲ သမီးသိတယ်။ ဂန္ထဝင်စာအုပ်မဖတ်နိုင်ရလောက်အောင်သမီးက ..."

သို့ရာတွင် အမေ့မှာ ငြင်းခုံချင်စိတ်ရှိပုံမရ၊ ပြင်သစ်စာအုပ်ကို ပြန်ချခဲ့ပြီး ကျန်စာအုပ်သုံးအုပ်ကို ငွေရှင်းရန် ကောင်တာသို့ထွက်သွားသည်။

"မဟုတ်ဘူး အမေ၊ လိုချင်တာ တစ်အုပ်ယူ၊ သမီးနှစ်အုပ်မလိုပါဘူး"

ကျွန်မစကားကို အမေလက်မခံတော့ ကောင်းလှသည်။ စာအုပ်နှစ်အုပ်လုံးရသဖြင့် ကျွန်မ ပျော်ရမည်လား မဟုတ်ပါ၊ နှစ်အုပ်လုံးရရန်ကျွန်မအတွက်မလိုအပ်လှ။ အမေလိုချင်သည့် စာအုပ်တစ်အုပ် တကယ်ယူစေချင်သည်။

အမေ ကျွန်မကို ဘာကြောင့် စာအုပ်နှစ်အုပ်လုံးဝယ်ပေးသည့်ကိုခုထိ ကျွန်မနားမလည်ပါ။ ကျွန်မနှင့်တော့ မထိုက်တန်သလိုပင် ခံစားရသည်။ တစ်မနက်ခင်းလုံး အမေပြောသမျှကို ငြင်းချက်ထုတ်လာခဲ့သည်။ ဒုတိယစာအုပ်ကို ထပ်ယူရန် ကျွန်မမတရားလှ၊ စာအုပ်ကို ကျွန်မလိုချင်သည်မှာ မှန်သည်။ သို့သော် လောကတွင် လိုချင်ရုံသာလိုချင်ပြီး အမှန်တကယ် ရရှိလာရန် မမျှော်လင့်သည့်အရာ အများကြီးရှိသည်။

ယခု အခြားအခန်းသို့ ကူးပြောင်းစတင်ချိန်တွင် ကျွန်မခံစားခဲ့ရသကဲ့သို့ ခံစားပြီး ပေါက်ကွဲထွက်လာသည့် သင့်ဆယ်ကျော်သက်သားသမီးများ၏ စကားကို မြင်ရမည်ဖြစ်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း(၂)
# ကလေးကဲ့သို့ ဆက်ဆံမနေပါနှင့်

**နိဒါန်း**

ကျန်အငြင်းပွားဖွယ် ခေါင်းစဉ်ကို ဆယ်ကျော်သက်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းပြီးနောက် အမြင်သစ်တစ်မျိုးအဖြစ်ရရှိလာခဲ့ခြင်းဖြစ်သည်။ မောင်၊ ညီမငယ်များက ဆယ်ကျော်သက်များအပေါ် မိဘများ၏ ဆက်ဆံမှု ကို မည်သို့ သက်ရောက်စေသည်ဆိုသော အချက်ကို လေ့လာရမည်ဖြစ်သည်။ အပြင်သို့ သွားလာလှုပ်ရှားရာတွင် ယောကျ်ားလေးနှင့် မိန်းကလေး အပေါ် ခွဲခြားထားမှုများကိုလည်း ဆွေးနွေးထားပြီး မိဘများအနေဖြင့် ကလေး ကဲ့သို့ အဆက်ဆံမခံချင်သော ဆယ်ကျော်သက်များ အရွယ်ရောက်သူကဲ့သို့ အခွင့်ရေးရလိုပါက ကိုယ်တိုင်ကြိုးစားရယူရမည်ကို သေချာသတိပေး ပြောဆိုသင့်သည်။

*

ကျွန်မပြောခဲ့မိသော စကားကို ကျွန်မပြန်အံ့ဩနေမိသည်။ ထိုစကားမှာ ကျွန်မပြောလိုသော အဓိပ္ပာယ်မဟုတ်။ အငြင်းပွားရရုံ၊ မရင့်ကျက်သည့် ပုံပေါ်ရုံအပြင် အကျိုးသက်ရောက်မှုလည်းမရှိလှ။ "ကလေးလို ထင်မနေနဲ့" ဆိုသည့်စကားမှာ အလွန်အသိပညာမဲ့လှသည်ဟု ကျွန်မ ယူဆထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မပြုလုပ်ခဲ့သလိုပင် ဆယ်ကျော်သက်တော်တော်များများသည် ဤစကားကို စဉ်းစားခြင်းမရှိ ပြောထွက်သွားကြပြီး အမှန်တကယ် ရည်ရွယ်သည်တော့ မဟုတ်ပေ။ အချို့ဆယ်ကျော်သက်များမှာ ယင်းတို့ မိဘက ကလေးကဲ့သို့ ဆက်ဆံနေမှုများကို တွန်းလှန်ရန် ပြောကြခြင်းဖြစ်သည်။

သို့သော် တစ်ခါတစ်ရံ "ကလေးလို ဆက်ဆံမနေနဲ့" ဟု ကျွန်မတို့ ပြောသောစကားမှာ အမှန်တကယ် ရည်ရွယ်ခြင်း မဟုတ်ပေ။ ကျွန်မအသက် ၁၅ နှစ် အရွယ်ရောက်သည်အထိ အမေက ကျွန်မအပေါ် အလွန်အကျွံစိုးရိမ်တုန်းဖြစ်သည်။ ဥပမာ – အိမ်တွင် ဘယ်သူမှ မရှိချိန် ကျွန်မ အသားခြောက်များ၊ အစာမာမာများစားခြင်းကို အမေသဘောမကျ။ အကြောင်းတစ်ခုခုကြောင့် အစာနင်နေပြီး အသက်အန္တရာယ်ထိခိုက်မည်ကို စိုးရိမ်သည်။ အမေ ကျွန်မကို ဂရုစိုက်သည်ကို ကျွန်မနားလည်ပါသည်။ သို့သော် ယခုစိတ်မျိုးမှာ လိုသည်ထက် ပိုလွန်းသည်။

ကလေးလို ဆက်ဆံမနေပါနှင့်ဟု ကျွန်မတို့ပြောလာသည့်အခါ ခွင့်လွှတ်သင့်သည့် နောက်ထပ် အခြေအနေတစ်ခုမှာ မိဘများက ကျွန်မတို့အား အသက်ရှစ်နှစ်ကိုးနှစ်အရွယ်များကိုသာ ကန့်သတ်သင့်သည့် သတိပေးသင့်သည့် "ကားရှေ့ပြေးမဝင်နဲ့၊ သူစိမ်းတွေကို စကားမပြောနဲ့၊" အစရှိသည်တို့ကို ပြုလုပ်လာသည့်အခါမျိုးတွင် ဖြစ်သည်။ အမေက ကျွန်မကို ထိခိုက်ဒဏ်ရာမရချင်သကဲ့သို့ပင် ကျွန်မလည်း ထိခိုက်ဒဏ်ရာမရစေချင်ပါ။ ထို့ကြောင့် ဒဏ်ရာရစေရန် ပြုလုပ်မှာ မဟုတ်သည့်အလုပ်များကို မိဘများက ထပ်မံ၍ မလုပ်နှင့်ဟု ပြောသောအခါ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

**သင်၏ ဆယ်ကျော်သက်အရွယ်သားသမီးများကို အန္တရာယ်ရှိနိုင်သည့် ကိစ္စများမလုပ်ရန်တားမြစ်သည့်အခါယင်းတို့လည်း ဒဏ်ရာရအန္တရာယ်ရှိသည့် အခြေအနေကို မလိုလားဆိုသည်ကို မမေ့ပါနှင့်။**

မိဘများအနေဖြင့် ဤစကားများကို သဘောမှန်ဖြင့်ပြောမှန်း ကျွန်မ နားလည်နိုင်ပါသည်။ သို့ရာတွင် ဆယ်ကျော်သက်များ၏ အမြင်တွင်မူ

mgyoe.com

mgyoe.com

SAMPLE BOOK


ဤကဲ့သို့ တားမြစ်ပြောဆိုမှုမှာ ယင်းတို့အပေါ် ယုံကြည်မှုနည်းခြင်းဟု ပြောင်းပြန်သက်ရောက်သည်။ မိဘများ အရှောင်ရှားသင့်ဆုံး အချက်၊ သတိထားသင့်ဆုံးအချက်မှာ ဆယ်ကျော်သက်များသည် အရွယ်ရောက်ပြီး သူကဲ့သို့ ဆက်ဆံခံရရန် အလွန်အရေးကြီးသောကြောင့် ကလေးတစ်ယောက်ကဲ့သို့ ပြုမူပြောဆိုခြင်းမပြုရဟူသော အချက်ဖြစ်သည်။

ယခု အလွန်စိတ်ဝင်စားဖွယ်ရာအချက်သို့ ရောက်ရှိလာပြီဖြစ်သည်။ ကျွန်မတို့ ဆယ်ကျော်သက်များအားလုံး အရွယ်ရောက်သူကဲ့သို့ ဆက်ဆံခံချင်ကြသည်။ ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီဟု ထင်ကြသည်။ သို့ရာတွင် အချိန်အနည်းငယ်ယူ၍ စဉ်းစားကြည့်ရအောင်။ ကလေးလို မဆက်ဆံပါနှင့်။ ကျွန်မတို့ တောင်းဆိုကြသည်။ သို့ရာတွင် ကျွန်မတို့သည် ကျွန်မတို့ မိဘများအတွက် ကလေးများသာ ဖြစ်သည်။

ကျွန်မတို့တွင် ချစ်သူရှိချင်ရှိမည်။ အလုပ်ရှိမည်။ ဘဏ်အကောင့်ရှိမည်။ အရက်သေစာ၊ သောက်သုံးချင်သုံးမည်။ မိဘများ မပါဘဲ ခရီးဝေးသွားမည်။ သို့သော် ကျွန်မတို့ မိဘများ၏ ကလေးသာဖြစ်သည်။ ကျွန်မတို့ ဆယ်ကျော်သက်အရွယ် ခံစားရမှုများမှာ ဘဝလမ်းတစ်လျှောက် အသေးဖွဲ့ မျှသာဖြစ်သည်။ ဆယ်ကျော်သက်အရွယ်တွင် အရွယ်ရောက်ပြီးသူများကဲ့ သို့ ရင့်ကျက်မှု၊ အတွေ့အကြုံနှင့် တာဝန်ယူမှုများ မရှိကြချေ။

ထို့ကြောင့် ဆယ်ကျော်သက်များက အရွယ်ရောက်ပြီးသူကဲ့သို့ ဆက်ဆံခံရရန် အလွန်လိုလားခြင်းနှင့်အတူ ယင်းတို့မှာ ကလေးများသာ ဖြစ်နေသေးသည်ဟူသော အချက်ကို မိဘများ မေ့မထားသင့်ပေ။

**မည်သို့သော အကြောင်းပြချက်ကို ပေးသည်ဖြစ်စေ သင့်ဆယ်ကျော်သက်အရွယ်သားသမီးမှာ ကလေးသာဖြစ်သည်ဟူသော အချက်ကို သတိပြုပါ။**

ဤအငြင်းပွားဖွယ်အချက်ကို ဆယ်ကျော်သက်သားသမီးများသည် လူကြီးကဲ့သို့ ဆက်ဆံခံရရန် ယင်းတို့ကိုယ်၌လည်း တာဝန်ယူမှုရှိရမည်ဟူသော အကြောင်းကို သက်သေပြရာ၌ အသုံးပြုနိုင်သည်။ ဆယ်ကျော်

mgyoe.com

m gyoe.com  SAMPLE BOOK 

သက်များသည် လူကြီးကဲ့သို့ နေရာပေးခံရမှုမှာ အလုပ်ဖြင့် သက်သေ မပြဘဲ အလိုအလျှောက်ရမလာနိုင်ဟူသော အချက်ကို နားလည်သဘောပေါက်စေရမည်။

အရွယ်ရောက်ပြီးသူတစ်ယောက်ကဲ့သို့ ဆက်ဆံခံရရန် ကျွန်မ မထိုက်တန်ဟု ယူဆသည့်အခါမျိုးတွင် ကျွန်မမိဘများက ကျွန်မကိုပွင့်ပွင့်လင်းလင်းဖွင့်ပြောတတ်ကြသည်။ ဤနည်းလမ်းမှာ ကျွန်မကိုယ်ကျွန်မ သုံးသပ်နိုင်ပြီး ကျွန်မမိဘများ၏ ယုံကြည်မှုကို မည်ကဲ့သို့ရယူရမည်ကို သိရှိနိုင်မည့်တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ထို့သို့ အပြောခံလိုက်ရသည့်အတွက် တစ်နေကုန်ကျွန်မ စိတ်ရှုပ်ထွေးစိတ်တိုနေပြီး မကြာမီ ကျွန်မစိတ်တိုမှုကို ရပ်လိုက်သည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မမိဘများက ကျွန်မကိုကောင်းစွာ နားလည်သဘောပေါက်ပြီး ကျွန်မစိတ်တိုစိတ်ဆိုးမှုအပေါ် မည်သည့်ခံစားချက်မှ မပြခြင်းကြောင့် ဖြစ်သည်။

**လူကြီးကဲ့သို့ ဆက်ဆံခံရရန် ယင်းတို့တွင် တာဝန်အရှိဆုံးဖြစ်သည်ကို သင့်ဆယ်ကျော်သက်သားသမီး ကောင်းစွာ သဘောပေါက်ပါစေ။**

ကျွန်မသူငယ်ချင်းများနှင့်စကားပြောကြည့်သည့်အခါ မိဘများ၏ ပြုမူ ဆက်ဆံပုံများထဲတွင် မကြိုက်ဆုံးအချက်မှာ ကလေးကဲ့သို့ ဆက်ဆံခြင်းဖြစ်သည်ဟု ဆိုကြသည်။

ယခု ဖော်ပြထားသည်မှာ ဆယ်ကျော်သက်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းထားခြင်းဖြစ်သည်။

စာရေးသူ – ကိဗ် ဒီနေ့ အခြေအနေ ဘယ်လိုလဲ။

ကိဗ် – ဘာမှမထူးပါဘူး။

စာရေးသူ – အော ဆယ်ကျော်သက်ထုံးစံပေါ့။ မင်းမှာ ညီအငယ်ရှိတယ်မို့လား။ မင်းမိဘတွေက မင်းနဲ့အတူ တန်းတူထားသလား။ ဥပမာ မုန့်ဖိုးတို့ အိပ်အလုပ်တို့ အချိုးတူလား။

ကိဗ် – မုန့်ဖိုးကတော့ အတူတူပဲ ကျွန်တော့်အတွက်ဘာမှ

mgyoe.com

mgyoe.com  SAMPLE BOOK 

သုံးမရလောက်ဘူး။ အိမ်အလုပ်ကတော့ ကျွန်တော်ပဲ အားလုံးလုပ်ရတယ်။ သူကတော့ အပျင်းကြီးပြီးထိုင်နေတာပဲ။

စာရေးသူ – ဒီလိုမျိုးတွေ ဖြစ်တတ်ပါတယ်။ မင်းမိဘတွေ မင်းကို ဆက်ဆံပုံမှာရော ဘာတွေကို မင်းသဘောကျလဲ။

ကိဗ် – ကျွန်တော်ဘာလုပ်လဲ သူတို့သိပ်အာရုံမစိုက်နိုင်ဘူး။

စာရေးသူ – ဘယ်လိုမျိုးလဲ ဘယ်သူနဲ့တွေ့၊ မတွေ့နဲ့ မပြောတာ၊ အိမ်မှာ ကွန်ပျူတာ၊ တီဗီဘယ်လောက်သုံးသုံးမပြောတော့တာမျိုးလား။

ကိဗ် – အင်း ကျွန်တော် အပြင်မှာ ဘယ်လောက်နေနေ သူတို့ ဂရုမစိုက်တော့ဘူး။ ခုလို နေ့ခင်းဖြစ်ဖြစ်၊ ညဖြစ်ဖြစ် အပြင်မှာ ကျွန်တော်ထိုင်နေလည်း သူတို့စိတ်မဆိုးဘူး။ ကျွန်တော်မရှိတာကို ဝမ်းသာနေမှာပေါ့။

စာရေးသူ – အင်း အမှန်ပဲ။ အခုတော့ ငါတို့ကြောင့် သူတို့ပြန်ညည်းရမယ့်အချိန်ဖြစ်နေပြီ  အရင်ဆယ်နှစ်အရွယ်တုန်းက ဆက်ဆံခံရပုံနှင့် အခု ဆက်ဆံခံရပုံနဲ့ ယှဉ်ရင်ခုပုံစံကို ဘာလို့သဘောမကျနိုင်တာလဲ

ကိဗ် – သိပ်ကွာမသွားပါဘူး။ အခုလဲ ကလေးလို ဆက်ဆံခံရတုန်းပဲ။ ကျွန်တော့်ညီလည်း ဒီအတိုင်းပဲ။ သူက အိမ်အလုပ်တွေတော့ ကူလုပ်စရာမလိုဘူး။ အရမ်းငယ်သေးတယ်တဲ့။ ကျွန်တော် ၁၀ နှစ်တုန်းကကျ ဘာလို့ ဒီလို မပြောသလဲ မသိဘူး။

စာရေးသူ – မင်းသူ့အရွယ်တုန်းက အိမ်အလုပ်တွေ ကူလုပ်ရတယ်ပေါ့။

ကိဗ် – ဟုတ်တယ်။

စာရေးသူ – မင်း ဟုတ်တယ်မှာ ဂုဏ်ယူသံတော့ပါတာပဲ။

ကိဗ် – ဟုတ်တယ်။

ယခု အမေးဖြေမှာ ဆယ်ကျော်သက် အစစ်မှန်တစ်ယောက်နှင့်

mgyoe.com

mgyoe.com SAMPLE BOOK


စကားပြောထားခြင်းဖြစ်သည်။ ဘွဲ့များ၊ ဒီဂရီများရရှိထားသည့် အလွန်ကြီးကျယ်ခမ်းနားသော လူလတ်ပိုင်းအရွယ် စိတ်ပညာရှင်များနှင့် ဆယ်ကျော်သက်များအကြောင်း ဆွေးနွေးခြင်းထက် တကယ့်ဆယ်ကျော်သက်များနှင့် ဆယ်ကျော်သက်များအကြောင်း ဆွေးနွေးခြင်းက ပိုမိုထိရောက်မှုရှိသည်။

**သင်၏ ဆယ်ကျော်သက်သားသမီးများ၊ မိတ်ဆွေများ၏ သားသမီးများ၊ တူ၊ တူမများဖြင့် စကားပြောကြည့်ပါ။ ကျွန်တော်တို့ ဆယ်ကျော်သက်များက ကိုက်မစားတတ်ပါ။ လူကြီးကဲ့သို့ နေရာပေးဆက်ဆံလျှင် တာဝန်ယူလို စိတ်ဖြင့် ကောင်းမွန်စွာ နေထိုင်လာမည်ဖြစ်သည်။**

အသက်အရွယ်အမျိုးမျိုးရှိ သူငယ်ချင်းများ၊ ယင်းတို့၏ မွေးချင်းမောင်နှမများနှင့် စကားပြောဆိုလေ့လာပြီးသည့်နောက်တွင် ကျွန်မတွေ့ရှိလာရသည်မှာ ကလေးကဲ့သို့ ဆက်ဆံခံရသဖြင့် အများဆုံး ကန့်ကွက်ကြသူများမှာ မိသားစုအတွင်း အကြီးများဖြစ်ကြသည်ဆိုသော အချက်ဖြစ်သည်။ အတန်ကြာ တွေးတောခြင်း၊ သုသေသနပြုလုပ်ခြင်းများ ပြုလုပ်ပြီးနောက် အချက်အချို့ရရှိလာခဲ့သည်။

၁။ မိဘများက ကလေးအငယ်များ ကြည့်ရှုစောင့်ရှောက်ခြင်းတွင် အကျင့်ပါနေသဖြင့် ဆယ်ကျော်သက်အရွယ်သားသမီး အရွယ်ရောက်လာသည်ကို မေ့လျော့ပြီး ထိုက်သင့်သည့် ဆက်ဆံမှုမပေးဖြစ်ခြင်း

၂။ ကလေးအကြီးမှာ မောင်ငယ်၊ ညီမငယ်များအကြားတွင် အနေများသော်လည်း ကလေးကဲ့သို့ ဆက်ဆံခံရရန် အလွန်မလိုလားခြင်း၊ ယင်းအနေဖြင့် လူကြီးကဲ့သို့ ဆက်ဆံခံရသင့်သည်ဟု ယူဆကာ မိဘများကို တော်လှန်ခြင်း

၃။ ကလေးအကြီးက ကလေးကဲ့သို့ ဆက်ဆံခံရမှုကို အလွန်ကျုံတုန်ပြန်ကန့်ကွက်ခြင်းမရှိသော်လည်း အရွယ်ရောက်စပြုလာသော အငယ်က ယင်းအဖြစ်အပေါ် စိတ်ပျက်ခြင်း

mgyoe.com

mgyoe.com


**သင်၏ သားသမီးများကို အထူးသဖြင့် ယင်းတို့အောက်အငယ်ရှိပါက အသက်အရွယ်အလိုက် မှန်ကန်စွာ ဆက်ဆံတတ်ပါစေ။**

ကျွန်မအနေနှင့် အစ်ကိုကြီး၊ အစ်မကြီးများအပေါ် ဝေဖန်မှုပြုရန်မ တွန့်ဆုတ်လှ။ အခြေနေ ၁ တွင် ပါဝင်သောအတိုင်း ကျွန်မနှင့် အဲလက်စ် ကြားတွင် ဖြစ်ပွားခဲ့သည်။

ကျွန်မနှင့် အဲလက်စ်သည် သူငယ်ချင်းများနှင့် လျှောက်လည်ခြင်း၊ စတိုးဆိုင်တစ်ခုခုသို့ သွားရောက်ခြင်းတို့၌ပင် ဆက်ဆံခံရပုံကွာသည်။ အကြောင်းမှာ ကျွန်မက မိန်းကလေးဖြစ်ပြီး အဲ့လက်စ်က ယောကျ်ားလေး ဖြစ်နေသောကြောင့် ဖြစ်သည်။ ထို့အပြင် အဲလက်စ်က ကျွန်မထက်ထွား သည်။ အဲလက်စ်အပြင်ထွက်မည်ဆိုပါက

အမေ – မင်းဖုန်းပါပြီလား

အဲလက်စ် – ဟုတ်

အမေ – ဘယ်သွားမှာလဲ

အဲလက်စ် – ပန်းခြံကို

အမေ – အေး အေး၊ မမှောင်ခင်ပြန်ခဲ့။

အခြားတစ်ဖက်တွင်မူ ကျွန်မအပြင်သွားရန်ရှိတိုင်း ကြုံတွေ့ရသည် မှာ –

အမေ – သမီး ဘယ်သွားမှာလဲ။

ကျွန်မ – ဂျိမ်းစ် တို့အိမ်။

အမေ – သူ့အမေရော အိမ်မှာရှိလား။

ကျွန်မ – မရှိဘူး ထင်တယ် အမေ။

အမေ – ငါတော့ အဲဒါကို မကြိုက်ဘူး။

ကျွန်မ – ကျွန်မတို့ အဲဒီမှာနေမှာ မဟုတ်ဘူး။ အပြင်သွားမှာ။

အမေ – ဘယ်ကိုလဲ။

ကျွန်မ – မြို့ထဲကို။

အမေ – ဂရုစိုက်သွား၊ ဖုန်းရောပါပြီလား။

ကျွန်မ – ဟုတ်။

mgyoe.com

mgyoe.com SAMPLE BOOK



အမေ – ဘာနဲ့သွားမှာလဲ။
ကျွန်မ – စက်ဘီးစီးသွားမယ်။
အမေ – မဟုတ်တာ၊ ငါကားမောင်းပို့မယ်။
ကျွန်မ – ရတယ် အမေ၊ စက်ဘီးနဲ့ သွားမယ်။
အမေ – မရဘူး ကားနဲ့သွားမယ်။
ကျွန်မ – ဟင့်အင်း စက်ဘီးပဲ စီးချင်တယ်။
အမေ – ကောင်းပြီလေ။ တစ်ခြားကားနှားသွား ယှဉ်ရပ်မိလို့ ကားထဲဆွဲသွင်း‌းမခံရအောင် ဂရုစိုက်။

ဤသို့ ရှည်ရှည်ဝေးဝေးပြောနေရခြင်းမှာ ကျွန်မက မိန်းကလေး တစ်ယောက်ဖြစ်နေသောကြောင့် ဖြစ်သည်။ အစပိုင်းကတော့ အပြင်ထွက် သည်နှင့် ပြန်ပေးဆွဲခံရမည်လော၊ သို့မဟုတ် အဓမ္မပြုကျင့်ခြင်း၊ လူသတ်ခံရ ခြင်းတို့ကို တွေးတောပူပင်နေရသည့် ဘဝကြီးကို ကျွန်မစိတ်ပျက်ခဲ့သည်။ သို့သော် မကြာမီပင် သုသေသနများ၊ ကိန်းဂဏန်းများအရ ယခုကျွန်မတို့ ခေတ်လူသတ်မှု၊ အဓမ္မမှုများမှာ ကျွန်မတို့မိဘများခေတ်ကထက်များစွာ တက်မလာကြောင်း လေ့လာတွေ့ရှိရသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ကောက်ယူသည့် ဗြိတိန်ရာဇဝတ်မှု စစ် တမ်းအရ အင်္ဂလန်နှင့် ဝေလပြည်နယ်တွင် အသက် ၁၆ နှစ်မှ ၁၉ နှစ် အတွင်း လူငယ်များအပါအဝင် လူကြီးများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ် မှုများ ၁၉၈၂ ခုနှစ်တွင် ၂၂ သန်းခန့်ရှိရာမှ ၁၉၉၅ ခုနှစ်တွင် ၄၂ သန်းအထိ ရောက်ရှိသွားခဲ့သည်။ ထို့မှတစ်ဆင့် ၄၃ ရာခိုင်နှုန်းကျဆင်းသွားခဲ့ရာ ၂၀၀၅/၀၆ တွင် ၂၄ သန်းခန့် ပြန်လည်ရောက်ရှိခဲ့သည်။

**ယခုခေတ် ဖြစ်ပွားနေသော လူသတ်မှု၊ ဖမ်းဆီးခေါ်ဆောင်မှု ရာခိုင်နှုန်း မှာ သင့်တို့ ဆယ်ကျော်သက်ကာလကနှင့်ထူပြီး မကွာခြားလှပေရာ ဆယ်ကျော်သက်သားသမီးများကို အလွန် ကျွံမချုပ်ချယ် ပါနှင့်။**

ယနေ့ခေတ်မိဘများအနေဖြင့် ယင်းတို့ဖြတ်သန်းလာရသော ဆယ် ကျော်သက်ဘဝ သဘောထားအလုံးစုံကို ယခုခေတ်ဆယ်ကျော်သက်သား

mgyoe.com

mgyoe.com
SAMPLE BOOK


သမီးများတွင် အသုံးပြုရမည်မဟုတ်တော့ပေ။ ခေတ်မှာ များစွာ တိုးတက်ပြောင်းလဲလာသော မီဒီယာခေတ်ဖြစ်သည်။ မီးဖိုချောင်မှာ ရေနွေးအိုးဆူသံနှင့်အပြိုင် ရေဒီယိုကို အာရုံစိုက်နားထောင်ရသောခေတ်မှ ခေတ်မီကြားခံကိရိယာများကို အသုံးပြု၍ ကမ္ဘာနှင့်အဝန်း အလွယ်တကူချိတ်ဆက်နိုင်သော ကာလသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ စိတ်ဝင်စားစရာ သတင်းများရှာဖွေရန် လိုအပ်သောသတင်းဌာနများကလည်း လူသတ်မှု၊ ပြန်ပေးဆွဲမှုတို့ကို အသားပေးဖော်ပြလေ့ရှိရာ ဆယ်ကျော်သက်များအတွက် အန္တရာယ်ကို အလွယ်တကူ သိရှိနိုင်ပေသည်။


ပြုလုပ်ရန်အချက်များ

- သင်၏ ဆယ်ကျော်သက်သားသမီးများအား သင်ပြုမူဆက်ဆံမှု မျှတသည်ဟု ထင်မထင် မေးမြန်းပြီး မည်သည့်အချက်များကို ပြုလုပ်ရန်လိုအပ်သနည်းမေးမြန်းပါ။
- ဆယ်ကျော်သက်သားသမီးများကို ရင့်ကျက်လာသည့်အရွယ်အလိုက် ဆက်ဆံပါ။ အထူးသဖြင့် သားသမီးအငယ်များ ရှိပါက အရွယ်အလိုက် သတိပြုဆက်ဆံပါ။ အိမ်အလုပ်တာဝန်များကို ခွဲဝေပေးပါက အငယ်များထက် ကြီးလေးသော တာဝန်ကိုယူပါစေ။
- ဆယ်ကျော်သက်သားသမီးများ လူကြီးကဲ့သို့ ဆက်ဆံရန်မထိုက်တန်သည့် အပြုမူများ ပြုမူလာပါက တိုက်ရိုက်ဖွင့်ပြောပါ။ သင့်ထံမှ ယုံကြည်မှုရယူရန် ကြိုးစားခွင့်ပေးပါ။ ယင်းတို့မှာ ကလေးများသာဖြစ်ရာ လူကြီးကဲ့သို့ ဆက်ဆံရန်မှာ အခွင့်ထူးပေးခြင်းသာဖြစ်ပြီး အာမခံပေးခြင်းမဟုတ်သည်ကို မမေ့ပါနှင့်။

❒

mgyoe.com

m g y o e . c o m
SAMPLE BOOK




m g y o e . c o m

mgyoe.com SAMPLE BOOK

## အခန်း(၃)
## ဂျီကျတတ်သူများ

**နိဒါန်း**

ဤအခန်းတွင် မင်းက ကဂျီကကျောင်ပဲဟု မိဘများ၏ အပြောခံရသည့်အခါ ဆယ်ကျော်သက်များ မည်သို့ ခံစားရသည်ကို ဖော်ပြထားသည်။ ဂျီကျသည်ဟူသော စကားအတိုင်း အမှန်တကယ်ပြုမူသည့် ဆယ်ကျော်သက်များ၏ အပြုအမူများကို ဖော်ပြထားသည်။ သင့်ဆယ်ကျော်သက်သားသမီးများနှင့် ပူးပေါင်း၍ ဤအခြေအနေကို ဖြေရှင်းရန်လိုသည်။ ဆယ်ကျော်သက် အစစ်မှန်များနှင့်တွေ့ဆုံမေးမြန်း၍ ဥပမာများ ဖော်ပြထားသည်၊

*

နောက်ထပ်အခန်းတစ်ခန်း၊ သင်ခန်းစာအသစ်တစ်ခုစိတ်လှုပ်ရှားစရာပင်။ ဂီတပွဲတော်တစ်ခုသို့ အဖေအမေတို့နှင့် အတူသွားရောက်ပြီး နောက် အိမ်သို့ လမ်းလျှောက်ပြန်လာခဲ့ကြသည်။ အဖေအမေနှင့် ဂီတပွဲတော်အတူသွားသည်။ ကျွန်မရှုးများနေလားမသိ။ သို့သော် အမှန်တိုင်းဝန်ခံရပါက အဖေသည် ဂီတနှင့်ပတ်သက်၍ စိတ်ဝင်စားသူဖြစ်သည်။

အိမ်အပြန်လမ်းတစ်လျှောက်တွင် ကျွန်မတို့ မိသားစုကြား အကြိတ်အနယ် စကားပြောစရာ ပေါ်လာခဲ့သည်။ အကြောင်းရင်းမှာ ကျွန်မ ကဂျီ

mgyoe.com

mgyoe.com
SAMPLE BOOK


ကရောင်ကျသည်ဟူသော အကြောင်းဖြစ်သည်။

ဤအကြောင်းအရာအပေါ် စတင်မဆွေးနွေးမီ ဂျီကျသည်ဟူသော စကားအပေါ် ကျွန်မအမြင်ကို ရှင်းလင်းပြောပြလိုသည်။

ဂျီကျသည် ဟူသည့်စကားမှာ လိုချင်သည့်အရာတစ်ခုကို နည်းအမျိုးမျိုးဖြင့် မရရအောင် ပူဆာတောင်းဆိုတတ်သော ကလေးများကို သတ်မှတ်ခြင်းဖြစ်သည်။

ဂျီကျတတ်သော ကလေးများသည် တစ်ခုခုကို လိုချင်ပါက အော်ဟစ်ခြင်း၊ ငိုခြင်း၊ တစာစာပြောခြင်းဖြင့် လိုချင်သည့် အရာကို မရမချင်း တောင်းဆိုတတ်ကြသည်။ သူ့တို့၏ အပြုအမူသည် သူ့တို့ကိုယ်တိုင်အတွက်ရော အခြားသူများအတွက်ပါ မည်သည့်ကောင်းကျိုးမှမရှိပေ။

ပိုမိုရှင်းလင်းစေရန် ဂျီကျတတ်သော ကလေးများ၏ အပြုမူများကို ဥပမာ ဖော်ပြထားသည်။

၁။ ကလေးမှာ သူ၏ အိပ်ခန်းအတွင်းတီဗီ၊ ဒီဗီဒီစက်တို့အပြင် သင့်တင့်သင့်သည့် ဂိမ်းစက်များလည်း ရှိပြီးဖြစ်သည်။ ကလေးက မိခင်ဖြစ်သူအား အသစ်ထွက်လာသည့်ဂိမ်းစက် လိုချင်သည်ဟု ပူဆာသည်။ မိခင်က ငြင်းသည်။ ကလေးက ထပ်တောင်းဆိုသည်။ မိခင်က ငြင်းသည်။ ကလေးက ဒေါသတကြီး သောင်းကျန်းသည်။ မိခင်က ငြင်းမြဲငြင်းသည်။ ကလေးက မစားမသောက်နှင့် စိတ်ကောက်ပြသည်။ မိခင် မငြင်းနိုင်တော့။ သူလိုချင်နေသော ဂိမ်းစက်ကို ဝယ်ပေးလိုက်ရသည်။

၂။ ဆယ်ကျော်သက် အရွယ်သမီးက ပုံစံအသစ် လက်ကိုင်အိတ်ကိုလိုချင်သည်။ မိဘများက ဝယ်ပေးရန် ငြင်းဆိုသည်။ မွေးနေ့ကျမှ ဝယ်ပေးမည်ဟု နှစ်သိမ့်သည်။ သမီးဖြစ်သူက ထပ်မံတောင်းဆိုသည်။ မိဘများက ငြင်းဆန်မြဲငြင်းဆန်ရာ သမီးက အော်ဟစ်ငိုယိုသည်။ မိဘများ သိမ်းဆည်းထားသည့် အရက်တွေအားလုံး သောက်ပစ်မည်ဟု ခြိမ်းခြောက်သည်။ နောက်ဆုံး မိဘများက အိတ်ကို ဝယ်ပေးလိုက်ရသည်။

ယခု ဥပမာကိုကြည့်လျှင် ကဂျီကရောင်ကျခြင်းမှာ အဆင့်တန်းကြွယ်ဝမှုတို့နှင့် မဆိုင်ဘဲ မိဘများ၏ အလိုလိုက်မှုနှင့်သာဆိုင်သည်ကို တွေ့ရမည်။ ငြင်းဆန်ပြီးသောစကားကို အမှန်တကယ်တည်ရန်မှာ မိဘ

mgyoe.com

mgyoe.com
SAMPLE BOOK


များ၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် ဆယ်ကျော်သက်တစ်ယောက်သည် ချမ်းသာသော မိသားစုမှဖြစ်သဖြင့် အခြားသော ဆယ်ကျော်သက်များထက် ရုပ်ဝတ္ထုပစ္စည်းများ သာလွန်နေနိုင်သည်။ ယင်းကို ဂျီကျ၍ ရယူထားသည်ဟု မဆိုနိုင်။ ဆယ်ကျော်သက်အရွယ်ဖြင့် မလိုအပ်လှသည့်အရာများကို သူ၏ မိဘများက ငြင်းဆိုကန့်ကွက်မည်သာဖြစ်သည်။

**ဆယ်ကျော်သက်သားသမီး ဂျီကျတတ်ခြင်းမှာ သင်က သူတို့၏ လိုအင်ဆန္ဒကို ဘယ်နှစ်ကြိမ်ငြင်းခြင်း၊ လက်ခံလိုက်ရခြင်းတို့နှင့်သာ သက်ဆိုင်သည်၊ သူတို့တွင် အဝတ်အစား ဘယ်နှစ်စုံရှိသည်၊ ဖိနပ်မည်မျှရှိသည် တို့နှင့် မသက်ဆိုင်ပေ၊**

သင့်အနေဖြင့် အရှင်းလင်းဆုံး နားလည်ထားသင့်သည်မှာ ဂျီကျတတ်သော လိုချင်တာကို ရအောင်ယူတတ်သော သားသမီးဖြစ်မလာစေရန် ပုံသွင်းပြုပြင်မှုမှာ သင်တို့ မိဘများ၏ လက်ထဲတွင်သာရှိသည်ဆိုသည့် အချက်ဖြစ်သည်။

**သင် ဆယ်ကျော်သက်သားသမီးက အမှန်တကယ် မလိုအပ်သည့် အရာ ကို ထပ်ကာထပ်ကာ တောင်းဆိုလာသည့်အခါ နိုင်မာစွာငြင်း ဆန်ခြင်းဖြင့် ဂျီကျတတ်သည့်ကလေးဖြစ်မလာစေရန် ကြိုးစားပါ၊**

သင့်သားသမီးက သင့်အပေါ်လေးစားပါက ထပ်မံတောင်းဆိုတော့မည် မဟုတ်ပေ။ သို့ရာတွင် သင့်စကားကို လေးစားခြင်း မရှိပါက သင်တောင့်မခံနိုင်တော့သည်အထိ ဆက်လက်တောင်းဆိုနေမည် ဖြစ်သည်။ ဤအခြေအနေများသည် သင့်သားသမီးအား ဂျီကျတတ်သူဖြစ်ရန် တွန်းပို့ပေးနေသည်။

ဆက်ပြောရမည်ဆိုလျှင် အဖေအမေတို့နှင့်အတူ ဂီတပွဲတော်မှ ပြန်လာချိန်၌ ဂီတအကြောင်းနှင့် ပတ်သက်၍ ကျွန်မတို့ ဆွေးနွေးမိကြသည်။ အဖေက သူ့အနေဖြင့် တူရိယာတစ်ခုခုကို တီးခတ်နိုင်သူ ဖြစ်ချင်သည်ဟု

mgyoe.com

mgyoe.com SAMPLE BOOK


ပြောသည်။ သို့ရာတွင် အဖေ့အသက်အရွယ်မှာ ဂီတပညာတစ်ခုခုကို သင်ယူရန် ကြီးရင့်နေပြီဟု အဖေရောအမေကပါ သဘောတူကြပြီး ကျွန်မအနေဖြင့် ငယ်ရွယ်စဉ်တွင် တူရိယာတစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်တတ်အောင် သင်ယူထားသင့်သည်ဟု အမေက ပြောပါသည်။

ထိုအချိန်တွင် ကျွန်မ၌ လျှပ်စစ်ဂစ်တာတစ်လုံးရှိပြီး အတီးသင်ယူနေသည်။ ကျွန်မအနေဖြင့် ဘေ့စ်ဂစ်တာကိုလည်း တီးကြည့်လိုသည်။ သို့သော် ထိုအကြောင်းကို ကျွန်မ၏ မိဘများအား ထုတ်ဖော်တောင်းဆိုပါက ရလာမည့် အကျိုးဆက်မှာ –

"ဘေ့စ်ဂစ်တာ ဝယ်ဦးမယ် မဟုတ်လား။ ညည်းမှာ ဂစ်တာတစ်လက် ရှိပြီးသားပဲ။ ဘာလုပ်ဖို့ ထပ်ဝယ်မှာလဲ"

"မဟုတ်ဘူး။ သမီးတီးကြည့်ချင်တယ်လို့ပဲ ပြောတာပါ။

"ဘေ့စ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ကိုယ့်မှာရှိတဲ့ ဂစ်တာတီးလို့ရတာပဲ။ တချို့ကလေးတွေဆို ဂစ်တာတစ်လက်ရဖို့ နှစ်ပေါင်းများစွာ ပိုက်ဆံစုယူရတယ်။ အခု ညည်းမှာ ဂီတာတစ်လက်ရှိပြီ။ ဘာလုပ်ဖို့ ဘေ့စ်ဂစ်တာကို ထပ်ဝယ်ဦးမှာလဲ။ ညည်း တော်တော် ဂရိုဂကြောင်ကျပါလား အယ်လီ"

သို့ဖြင့် အစပြုရန် ကျွန်မကို ဝယ်ပေးဖူးခဲ့သမျှပစ္စည်းများ အကြောင်းကို ကျွန်မမိဘများ ပြန်လည်အစဖော်ကြမည်ဖြစ်သည်။ ကျွန်မကလည်း ပစ္စည်းတော်တော်များများမှာ ကျွန်မမုန့်ဖိုးငွေကို စု၍ ဝယ်ထားကြောင်းကို ပြန်ပြောမိပေလိမ့်မည်။ သူတို့ဆီမှ ရခြင်းသာဖြစ်သည်ဟု ကျွန်မကို ပြန်ပြောမည်။ ဤသို့ဖြင့် မဆုံးနိုင်သော စကားစစ်ထိုးပွဲကို ကျွန်မတို့ ဆင်နွှဲကြရမည်။

**သင့်တကယ် မရည်ရွယ်ပါက ဂျိုကျသည်ဟူသောစကားကို မသုံးနှုန်းပါနှင့်၊ သင့်ဆယ်ကျော်သက်သားသမီးသည် ယင်းစကားအပေါ် စွဲမြဲမှတ်သွားပြီး မလိုအပ်သည့် ငြင်းခုန်မှုမျိုး ပြုရလိမ့်မည်၊**

**သင့်သားသမီး ဂျိုကျနေသည်ဟု ထင်စေဦးတော့ "မင်းတော်တော် ဂျိုကျ တာပဲ" ဟူသော စကားမျိုးကို မပြောပါနှင့်၊ ထိုစကားရပ်မှာ စိတ်**

mgyoe.com

mgyoe.com

SAMPLE BOOK


**ကိုအထိ ခိုက်စေနိုင်ဆုံး ဖြစ်သည်၊**

လျှပ်စစ်ဂစ်တာရှိရဲ့သားနှင့် ဘေ့စ်ဂစ်တာကို ထပ်လိုချင်သော ကြောင့် ကျွန်မဂဂျီဂျောင်ကျသည်ဟု ကျွန်မမိဘများက ထင်ကြသည်။ သို့ရာတွင် ကျွန်မပြောခဲ့သည့်အတိုင်း ဤအခြေအနေမျှနှင့် ကျွန်မဂဂျီဂ ကြောင် ကျသည်ဟု မထင်ပါ။ ကျွန်မမိဘများ၏ အမြင်ကို ကျွန်မ နား လည်နိုင်ပါသည်။ လျှစ်စစ်ဂစ်တာနှင့် အသံချဲ့စက်ကို ရထားခြင်းမှာ ကျွန်မ အလွန်ကံကောင်းသည်။ ထို့ကြောင့် ဘေ့စ်ဂစ်တာကို ထပ်လိုချင်သည်ဆို ခြင်းမှာ အပိုဖြုန်းခြင်းသက်သက်သာ ဖြစ်သည်။ အမှန်အတိုင်း ဆိုရပါမူ ဂျီကျတတ်သူဆိုပါက ကျွန်မလိုချင်တာကို မရမချင်း ငိုယိုခြင်း၊ ဆူပူ ဆောင့်အောင့်ခြင်း၊ စိတ်ကောက်ခြင်းများပြုလုပ်၍ တောင်းဆိုမည် ဖြစ်သည်။ သို့သော် ထိုနည်းလမ်းများကို ကျွန်မအသုံးမပြုပါ။ လိုချင်တာ မရလျှင် ဂျီကျတတ်သော ကလေးများထဲတွင် ကျွန်မမပါပါ။

ကျွန်မလုပ်နိုင်သည်မှာ ကျွန်မလိုချင်သည့်ဂစ်တာကို ဝယ်နိုင်အောင် ပိုက်ဆံစုဖို့ပဲ ဖြစ်သည်။ အဖေ့ကဲ့သို့ သင်ကြားလိုသည့် တူရိယာကို မသင်ခဲ့ မိခြင်းအား အသက်ကြီးမှ နောင်တရခြင်းမျိုး မဖြစ်လိုပါ။ စုဆောင်းငွေပြည့် သည့်အခါ ဘေ့စ်ဂစ်တာကို ဝယ်လိုသည့်အကြောင်း မိဘများနှင့်ဆွေးနွေး ရမည် ဖြစ်သည်။ အမေ့ကို ကျွန်မ ကောင်းကောင်း ဆွဲဆောင်နိုင်မည်ဟု ယုံကြည်သည်။ ယခု နည်းလမ်းမှာ ကျွန်မအမြင်တွင် ဂျီမကျဘဲ ပြဿနာ ကို ဖြေရှင်းနိုင်သည့် နည်းလမ်းဟု ယူဆသည်။

**ကျွန်မတို့ ဂျီကျတတ်သူများ မဖြစ်ချင်ကြပါ၊ ယင်းမှာ အလွန်ဆိုးသော အပြုအမူဟု ကျွန်မတို့ သိပါသည်၊**

ဂစ်တာအသစ်ထပ်ဝယ်ရန် မိဘများနှင့်ဆွေးနွေးပါက အဆင်ပြေ သည် ဖြစ်စေ၊ မပြေသည်ဖြစ်စေ အနည်းဆုံးတော့ ကျွန်မ မိဘများ၏ အမြင်ကို သိနိုင်သည်။ ဘေ့စ်ဂစ်တာမှာ အပိုဖြုန်းခြင်းသက်သက်ဖြစ်သည် ဟု အမေတို့ အဘယ်ကြောင့် ယူဆကြသနည်းဆိုသည်ကို ကျွန်မသိနိုင်

mgyoe.com

မည်။ ကျွန်မအနေဖြင့် အမေတို့၏ သဘောထားကို တစ်စိတ်တစ်ပိုင်းလက်ခံနိုင်ပြီး အလုံးစုံတော့ သဘောမတူနိုင်ပေ။ သို့သော် ရိုင်းကျတတ်သည့် ကလေးများ ပြုလုပ်တတ်သည့် အပြုအမူများကို ကျွန်မလုပ်မည်မဟုတ်ပါ။

ဆယ်ကျော်သက်များသည် သူတို့၏ မိဘများက သူတို့ကို ရိုင်းကျသည်ဟု ဆိုသော အခြေအနေတိုင်းတွင် မိဘများပြောသည့် စကားများ၌ အမှန်တချို့တစ်ဝက်ပါသည်ကို သိရှိကြသည်။

**သင်၏ ဆယ်ကျော်သက်သားသမီး ရိုင်းကျနေသည့်ဟု ယူဆပါက သူတို့နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ။ သင့်သားသမီးများသည် သင်ပြောသော စကားများအပေါ် တစ်စိတ်တစ်ပိုင်းသဘော တူညီမှုရှိသော်လည်း ဝန်ခံ မည်တော့ မဟုတ်ပေ။ ထို့ကြောင့် တစ်ယူသန် ငြင်းခုံခြင်း မပြုပါနှင့်။**

ကျွန်မတို့ ဆယ်ကျော်သက်မျိုးဆက်များသည် ကျွန်မတို့မိဘများ ခေတ်ကထက်ပို၍ တစ်ကိုယ်ရေ ပိုင်ဆိုင်မှုပစ္စည်း များပြားကြသည်။ ထို့ကြောင့် ခေတ်ကာလအရ ပုံမှန်ပင်ဖြစ်သော်လည်း ရိုင်းကျတတ်သည်ဟု မကြာခဏ ခေါင်းစဉ်တပ်ခံရခြင်း ဖြစ်သည်။ မိဘများအနေဖြင့် မလိုအပ်သော အရာများအတွက် အခိုင်အမာ ငြင်းဆန်ပြီး လိုအပ်သောအရာများကို ခွင့်ပြုပေးတတ်ပါသည်။

ပြုလုပ်ရန်အချက်များ

- သင်ဆယ်ကျော်သက်အရွယ်သားသမီးအား ရိုင်းကျသည်ဟူသောစကား မည်သည့်အခါမှ မသုံးစွဲပါနှင့်။ ထိုစကား၏ အဓိပ္ပာယ်ကို သေချာနားမလည်သော်လည်း ကျွန်မတို့ ဆယ်ကျော်သက်များ မိဘများနှင့် စကား စစ်ထိုးရမည့်အခြေအနေဟု သတ်မှတ်လိုက်ကြသော စကားများ၌ ထိပ်ဆုံးမှ ပါဝင်သည်။ အမှန်မှာ ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်လိုခြင်းသာ ဖြစ်သည်။
- တစ်ပတ်တာအတွင်း သင့်ဆယ်ကျော်သက်သားသမီးက တောင်းဆို

mgyoe.com

mgyoe.com SAMPLE BOOK

သမျှ အရာအားလုံးကို စာရင်းပြုလုပ်ထားပြီး အခိုင်အမာ ငြင်းဆို ကြည့်ပါ။ ဘာကြောင့် ငြင်းဆိုရသည်ကိုလည်း သင့်သားသမီးအား အသေအချာ ရှင်းပြပါ။ နောက်တစ်ကြိမ် ဂိုကျနေသည်ဟု ယူဆရ သော အခြေအနေနှင့် ကြုံလာရသည့်အခါ သင့်ငြင်းဆန်မှုကို သူတို့ အသိအမှတ်ပြုလာလိမ့်မည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com